ASEAN PARLIAMENTARIANS FOR HUMAN RIGHTS

**မြန်မာနိုင်ငံအတွင်းရှိ ရခိုင်ဒေသဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများအခြေအနေများအပေါ်**

**APHR အဖွဲ့၏သတင်းထုတ်ပြန်ချက်**

လူ့အခွင့်အရေးဆိုင်ရာ အာဆီယံလွှတ်တော်အမတ်များအဖွဲ့၏ အဖွဲ့ဝင်များဖြစ်ကြသည့် အရှေ့တောင်အာရှမှ လွှတ်တော်အမတ်များကိုယ်စား မြန်မာနိုင်ငံမြောက်ပိုင်းဒေသ ရခိုင်ပြည်နယ်တွင် မကြာသေးခင်က ဖြစ်ပွားခဲ့သည့် အကြမ်းဖက်မှုများတစ်ရှိန်ထိုးမြင့်တက်မှုနှင့် လူမဆန်သောလုပ်ရပ်အန္တရာယ်များထပ်မံဖြစ်ပွားနိုင်မှုတို့အပေါ်များစွာထိတ်လန့်တုန်လှုပ်မိကြောင်းပြောကြားလိုပါသည်။

ယခုအကြမ်းဖက်မှုများမှာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ကိုဖီအာနန်ဦးဆောင်သည့် ရခိုင်ပြည်နယ်အကြံပေးကော်မရှင်၏ နောက်ဆုံးအစီရင်ခံစာကို ယမန်နေ့က ထုတ်ပြန်လိုက်ပြီးသည့်နောက်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပါသည်။ အစီရင်ခံစာတွင် တင်းမာမှုများကို လျော့ချရန်နှင့် အမုန်းတရားများကိုဖြေရှင်းရန်၊ ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းမှုနှင့် တိုးတက်မှုကိုရေရှည် ဖော်ဆောင်နိုင်ရန် အစိုးရအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် အကြံပြုချက်များစွာ ပါဝင်ပါသည်။

လွန်ခဲ့သည့် ၂၄ နာရီအတွင်းတွင်ဖြစ်ပွားခဲ့မှုများသည် ပဋိပက္ခများကိုဖြေရှင်းနိုင်ရန် ရုတ်ချည်းလုပ်ဆောင်မှုများကို အလျင်အမြန်ဆောင်ရွက်ရန်လိုအပ်နေကြောင်းနှင့် ကာလရှည်ငြိမ်းချမ်းရေးရရှိရေးဆိုင်ရာ လမ်းကြောင်းတစ်ခုကို ဖော်ဆောင်ရန်လိုအပ်နေကြောင်း လုံးလုံးလျားလျား ဖော်ပြနေသည့်အပြင် အစိုးရအနေဖြင့်အကောင်အထည်ဖော်ရန် အဆိုပြုတိုက်တွန်းထားသည့်ကော်မရှင်၏ အကြံပြုချက်များမှာ စတင်ဆောင်ရွက်ရန်အကောင်းဆုံးအရာများပင်ဖြစ်သည်။ ကော်မရှင်အစီရင်ခံစာတွင် အလေးပေးဖော်ပြထားသည့် ယခုလက်ရှိနောက်ဆုံး အခြေအနေများသည် အစိုးရနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အခြေခံလူ့အခွင့်အရေးများကို ခိုင်မာသေချာစေရေးလုပ်ဆောင်ရန် လိုအပ်နေကြောင်းကို တိုက်တွန်းအားပေးထားပါသည်။ လွတ်လပ်စွာနေထိုင်သွားလာခွင့်ရရှိရေးနှင့် အခြေခံခံစားခွင့်များလက်လှမ်းမီနိုင်ရေးစသည့် အခြေခံလူ့အခွင့်အရေးများကို ရခိုင်ပြည်နယ်အတွင်းရှိပြည်သူများအားလုံးရရှိနိုင်ရန်လိုအပ်ပြီး လူ့အခွင့်အရေးဆိုင်ရာ အကြမ်းဖက်မှုများအတွက် တာဝန်ခံမှုရှိရန်လိုအပ်ကြောင်းလည်း တိုက်တွန်းထားပါသည်။

ယခုဖြစ်စဉ်တွင် အသက်ပေးခဲ့ရသူများအားလုံးအတွက်လည်း ဝမ်းနည်းမိပါသည်။ အလွန်အန္တရာယ်များသည့်အခြေအနေတွင်ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများရင်ဆိုင်နေရသည့် အကြမ်းဖက်မှု

များကို မိမိတို့လွှတ်တော်အမတ်များအနေဖြင့် ပြတ်ပြတ်သားသားရှုတ်ချပါသည်။ နိုင်ငံသားများကို ကာကွယ်ရန် မြန်မာနိုင်ငံအစိုးရထံတွင်တာဝန်ရှိပြီး အာဆီယံအပါအဝင် နယ်နမိတ်ချင်းထိစပ်နေသော နိုင်ငံတကာနယ်စပ်ဒေသအသိုင်းအဝိုင်းအနေဖြင့်လည်း ယင်းမျှော်မှန်းချက်ကို ရရှိစေရန် တက်ကြွစွာ ကူညီထောက်ပံ့ပေးရမည် ဖြစ်ပါသည်။

ရခိုင်ပြည်နယ်အရေးကိစ္စများကို ဖြေရှင်းရန်အတွက် ကော်မရှင်၏အစီရင်ခံစာတွင် " မြန်မာနိုင်ငံအတွင်းရှိ ကြီးပမ်းဆောင်ရွက်မှုများကို ဖြည့်စွက်ဆောင်ရွက်ရာတွင် ဒေသတွင်း ဖြေရှင်းချက်များကိုလည်း ရှာဖွေရရှိရန်" ဟုဖော်ပြပါရှိပါသည်။ ယင်းအချက်က အဆိုပါအခြေအနေသည် ဒေသတွင်း ပြဿနာတစ်ခုဖြစ်ပြီး အာဆီယံအဖွဲ့ဝင်အစိုးရများအနေဖြင့် စုပေါင်းဆောင်ရွက်အဖြေရှာရမည့်ကိစ္စတစ်ရပ်ဖြစ်ကြောင်း ရှင်းလင်းခိုင်မာစေခဲ့ပါသည်။

(လူ့အခွင့်အရေးဆိုင်ရာ အာဆီယံလွှတ်တော်အမတ်များအဖွဲ့မှအဖွဲ့ဝင်များကိုယ်စား)
Hon. Charles Santiago
ဥက္ကဋ္ဌ၊ လူ့အခွင့်အရေးဆိုင်ရာ အာဆီယံလွှတ်တော်အမတ်များအဖွဲ့ (APHR )